Government of Western Australia
School Curriculum and Standards Authority

# အင်္ဂလိပ်ဘာသာစကားကို ထပ်ဆင့် အပိုပြောမည့်ဘာသာစကား သို့မဟုတ် အရပ်ပြော စကား (EAL/D) အဖြစ် 12 တန်းတွင် ကျောင်းအပ်ရန်အတွက် ရထိုက်ခွင့် ဖြစ်စဉ်

EAL/D ATAR သင်တန်းကို အင်္ဂလိပ်စကားအား ထပ်ဆင့်အပိုပြောသည့် စကား သို့မဟုတ် အရပ်ပြောစကားအဖြစ် ပြောဆိုသည့် အပြင် ၎င်းသူ၏ ဩစတြေးလျန်း အင်္ဂလိပ်စကား အဆင့်အတန်းစံနှုန်း (SAE) အသုံးပြုပြောဆိုပုံမှာ အကန့်အသတ်ရှိသည့် ကျောင်းသူကျောင်းသားများအတွက် ရရှိနိုင်ပါသည်။

12 တန်း ကျောင်းသူကျောင်းသား တစ်ဦးသည် EAL/D ATAR သင်တန်းကို ကျောင်း သင်ရိုးညွှန်းတမ်း နှင့် စံနှုန်းများ အာဏာပိုင် (အာဏာပိုင်) [(School Curriculum and Standards Authority (the Authority)] ၏ ရထိုက်ခွင့် အတည်ပြုချက်ဖြင့်သာ ကျောင်းအပ်နိုင်သည်။ ကျောင်းအပ်ရန်အတွက် အတည်ပြုချက်ရရှိရန် ကျောင်းသူကျောင်းသားတစ်ဦးအနေဖြင့် အွန်လိုင်း ရထိုက်ခွင့် လျှောက်လွှာတစ်စောင်ကို ဖြည့်စွက်ရမည့်အပြင် အာဏာပိုင်ထံ လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ နောက်ဆုံးရက်စွဲမတိုင်မီ တင်သွင်းရမည်။ လျှောက်လွှာများကို တင်သွင်းရန်အတွက် နောက်ဆုံးရက်များမှာ အာဏာပိုင်၏ ဝက်ဘ်ဆိုက် https://senior-secondary.scsa.wa.edu.au/syllabus-and-support-materials/english/english-as-an-additional-language-or-dialect EAL/D စာမျက်နှာတွင် ရှိပါသည်-

အွန်လိုင်း လျှောက်လွှာကို တင်သွင်းရန် သင်သည် အိမ်၌ဖြစ်စေ သို့မဟုတ် ကျောင်း၌ဖြစ်စေ ကွန်ပျူတာ သုံးရန် လိုအပ်လိမ့်မည်။ အကယ်၍ သင့်တွင် မေးရန်မေးခွန်း တစ်ခုခုရှိလျှင် အကူအညီအတွက် သင့် ကလေး၏ EAL/D ဆရာဆရာမကိုဖြစ်စေ သို့မဟုတ် ကျောင်းအုပ်ချုပ်စီမံဌာနကိုဖြစ်စေ မေးမြန်းပါ။

## အွန်လိုင်း EAL/D ရထိုက်ခွင့် ဖြစ်စဉ်ရှိ အဆင့်ဆင့် အချက် ငါးချက်

အဆင့် 1- ကျောင်းသား ပေါ်တယ် (student portal) https://studentportal.scsa.wa.edu.au သို့စာရင်းဝင်ရောက်ပါ
အဆင့် 2- EAL/D ရထိုက်ခွင့် လျှောက်လွှာကို စလုပ်ပါ
အဆင့် 3- အထောက်အကူပြု စာရွက်စာတမ်းများကို အပ်ဖ်လုဒ် (Upload) လုပ်ပါ
အဆင့် 4- EAL/D ရထိုက်ခွင့် လျှောက်လွှာကို တင်သွင်းပါ

2019/43105

303 Sevenoaks St CANNINGTON WA 6107
PO Box 816 CANNINGTON 6987
Telephone (08) 9273 6300
info@scsa.wa.edu.au www.scsa.wa.edu.au
ABN:51367968690

အဆင့် 5- ရထိုက်ခွင့် လျှောက်လွှာ ဖြစ်စဉ်၏ ရလဒ်ကို ကျောင်းသားပေါ်ဒယ် (student portal) တွင် စစ်ဆေးပါ

## လိုအပ်သည့် အချက်အလက်များ

ကျောင်းသူကျောင်းသားသည် အောက်ဖော်ပြပါ အသေးစိတ်အချက်အလက်များကို တင်ပြရန် လိုအပ်မည်-

- မွေးဖွားရာ နိုင်ငံ
- ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် ရက်စွဲ
- မွေးဖွားရာ နိုင်ငံ — မိခင် နှင့် ဖခင် (သို့မဟုတ် စောင့်ရှောက်သူ/များ)
- ယခင် နေထိုင်ခဲ့သည့် နိုင်ငံများ
- နိုင်ငံသား
- အိမ်၌ ပြောဆိုသည့် ဘာသာစကား
- သူငယ်တန်းမှ စ၍ ကျောင်းနေသည့်နှစ်တိုင်းအတွက် တက်ရောက်ခဲ့သည့် ကျောင်းများ၏ အမည်များနှင့်လိပ်စာများ

## အထောက်အကူပြု စာရွက်စာတမ်းများ

ကျောင်းသူကျောင်းသားသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများ၏ မိတ္တူများကို တင်ပြရန် လိုအပ်ပါမည်-

- နိုင်ငံကူးလက်မှတ် ဓါတ်ပုံပါ စာမျက်နှာ
- နိုင်ငံတွင်း ဝင်လာသည့် တံဆိပ်ရိုက်နှိပ်ထားသည့် ရက်စွဲ သို့မဟုတ် ဗီဇာ **သို့မဟုတ်**
- အပြည်ပြည်ဆိုင်ရာ ရွှေ့လျားမှု မှတ်တမ်း/များ
- ကျောင်း အစီရင်ခံစာ/များ

ကျောင်းသူကျောင်းသားများသည် မိမိတို့၏ ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းဖုန်း တက်ပလက် စသဖြင့်သော ရွှေ့လျားကိရိယာများတွင် ဖိုင်တစ်ခုစီကို အများဆုံး **4MB** ဖြင့် **.pdf**, **.jpg**, **.jpeg** သို့မဟုတ် **.png** ဖိုင်များအဖြစ် စာရွက်စာတမ်းများကို စေ့ဖ် (save) လုပ်ထားပါ။
**Word** ဖိုင်အဖြစ် စာရွက်စာတမ်းများကို လက်ခံမည် မဟုတ်ပါ။

ထပ်ဆင့် အချက်အလက်များအတွက် သို့မဟုတ် ပံ့ပိုးမှုအတွက် သင့်ကလေး၏ EAL/D ဆရာဆရာမ သို့မဟုတ် ကျောင်း စီမံဌာန သို့မဟုတ် အတိုင်ပင်ခံချုပ် Louise Dodman – EAL/D ကို louise.dodman@scsa.wa.edu.au ဖြင့် သို့မဟုတ် ဖုန်း 9273 6785 ဖြင့် ကျေးဇူးပြု၍ ဆက်သွယ်ပါ။